## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## နေပြည်တော်

စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းမှ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်၊ ပင်းပက်ဒေသ၊ မြေဧရိယာ(၆၀၉.၂၄)ကေတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အမှတ်(၂)သံမဏိစက်ရုံစီမံကိန်းအတွက် တင်ပြလာသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၏

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်
## (Environmental Compliance Certificate– ECC)

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၅ ရက်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်
# (Environmental Compliance Certificate- ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၂၃၄ ) ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၅ ရက်

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅)တို့အရ နောက်ဆက်တွဲ(က)တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ(ခ)ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် (Environmental Compliance Certificate – ECC)ကို ထုတ်ပေးလိုက်သည်-

| | | | |
|---|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - | ဦးမင်းသူ<br>ဦးဆောင်ညွှန်ကြားရေးမှူး |
| (ခ) | **ဆက်သွယ်ရန်လိပ်စာ** | - | ရုံးအမှတ်(၃၀)၊ ဇေယျာဌာနီလမ်း၊ နေပြည်တော်<br>ဖုန်း-၀၆၇-၄၀၅၀၅၉၊ ၄၀၅၃၂၂၊ ၄၀၅၃၃၅ |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - | အမှတ်(၂) သံမဏိစက်ရုံစီမံကိန်း၊ သံစိမ်းထုတ်လုပ်ခြင်း |
| (ဃ) | **စီမံကိန်းကာလ** | - | အခွင့်အမိန့်ရအဖွဲ့အစည်းက ခွင့်ပြုသည့် ခွင့်ပြုကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | - | စီမံကိန်းမြေဧရိယာ ၆၀၉.၂၄ ဧက |
| (စ) | **စီမံကိန်းတည်နေရာ** | - | ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့နယ်၊ ပင်းပက်ဒေသ၊ ပင်ငိုရွာအနီး |
| (ဆ) | ECC သက်တမ်း | - | (၅) နှစ်<br>စတင်ထုတ်ပေးရက် - ၁၂-၁-၂၀၂၃<br>သက်တမ်းကုန်ဆုံးရက် - ၁၁-၁-၂၀၂၈ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ** | - | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ၅-၁-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ EIA- ၁/ ၈/ အတည်ပြု (EMP) (၀၄၃/၂၀၂၃) |

**စည်းကမ်းချက်များသတ်မှတ်ခြင်း**

၂။ အောက်ဖော်ပြပါ ရည်ရွယ်ချက်များရရှိနိုင်ရေးအတွက် ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် သတ်မှတ်ထားခြင်းဖြစ်ပါသည်-

(က) ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံးဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ခ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့်တာဝန်များကို သတ်မှတ်ရန်၊

(ဂ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေးဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(ဃ) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(င) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်။

ပြည်ထောင်စု ဝန်ကြီးရုံး

၁၂-၅-၂၀၁၇

(လှမောင်သိန်း)
အမြဲတမ်းအတွင်းဝန်
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

နောက်ဆက်တွဲ (က)

**အမှတ်(၂) သံမဏိစက်ရုံစီမံကိန်း၊ သံစိမ်းထုတ်လုပ်ခြင်းလုပ်ငန်း၏ စီမံကိန်းအကြောင်းအရာ**

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်းက ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်၊ ပင်းပက်ဒေသ၊ မြေဧရိယာ ၆၀၉.၂၄ ဧကတွင် အမှတ်(၂) သံမဏိစက်ရုံစီမံကိန်း သံစိမ်းထုတ်လုပ်ခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ၅-၁-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ EIA-၁/၈/အတည်ပြု(EMP)(၀၄၃/၂၀၂၃)ဖြင့် တင်ပြခဲ့သည့် အပြီးသတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(Environmental Management Plan-EMP)ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်(Environmental Compliance Certificate-ECC)ထုတ်ပေးခြင်း ဖြစ်သည်။


၂။ **စီမံကိန်းအဆိုပြုသူ။** ဦးမင်းသူ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ အမှတ်(၁)၊ အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၀)၊ ဇေယျာဌာနီလမ်း၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၅၀၅၉၊ ၄၀၅၃၂၂၊ ၄၀၅၃၃၅ ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** အမှတ်(၂)သံမဏိစက်ရုံစီမံကိန်း သံစိမ်းထုတ်လုပ်ခြင်း လုပ်ငန်းအနေဖြင့် Romelt Plantတွင် သံစိမ်းရရှိရန် နည်းစဉ်အဆင့်ဆင့်အတိုင်း ဆောင်ရွက်မည် ဖြစ်ကြောင်း၊ Pig Iron၊ Granulated Slag၊ Hematite နှင့် သံစိမ်းထုတ်လုပ်သည့် လုပ်ငန်းစဉ်မှ ထွက်ရှိလာသော အပူကို အသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။


၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** သံစိမ်း Pig Iron ထုတ်လုပ်ရန်အတွက် သံသတ္တုရိုင်း၊ ကျောက်မီးသွေး၊ ထုံးကျောက်၊ ဒိုလိုမိုက်၊ သဲ၊ အောက်ဆီဂျင်၊ ရေနှင့် သဘာဝဓာတ်ငွေ့ စသည့် ကုန်ကြမ်းထုတ်လုပ်ခြင်းလုပ်ငန်းများ ပါဝင်ကြောင်း၊ ဝန်ထမ်းအင်အား စုစုပေါင်း (၁,၀၅၁)ဦးရှိပြီး၊ လုပ်ငန်းကဏ္ဍများအတွက် လိုအပ်သော သောက်ရေ၊ သုံးရေလိုအပ်ချက်များအတွက် စီမံကိန်းအနီးရှိ နမ့်တစ်ဘက်ချောင်းမှရေကို အသုံးပြုမည်ဖြစ်ကြောင်းနှင့် လျှပ်စစ်ဓာတ်အားကို စက်ရုံနှင့် ၄၀မိုင်ခန့် ကွာဝေးသော ကလော(အင်းပြင်)မှ ၁၃၂ ကေဗွီဓာတ်အားလိုင်းမှ ရယူမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၅။ **စီမံကိန်းတည်နေရာ။** ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်၊ ပင်းပက်ဒေသတွင် တည်ရှိသည်။ စီမံကိန်းဧရိယာသည် မြောက်လတ္တီကျူ ၂၀ ဒီဂရီ၊ ၄၄ မိနစ်၊ ၄၁.၇၈ စက္ကန့်နှင့် အရှေ့လောင်ဂျီကျူ ၉၇ ဒီဂရီ ၈ မိနစ်၊ ၃၁.၈၆ စက္ကန့်တွင် တည်ရှိပါသည်။

## အမှတ်(၂) သံမဏိစက်ရုံ၊ သံစိမ်းထုတ်လုပ်ခြင်းလုပ်ငန်း၏ စီမံကိန်းတည်နေရာပြမြေပုံ



## အမှတ်(၂) သံမဏိစက်ရုံ၊ သံစိမ်းထုတ်လုပ်ခြင်းလုပ်ငန်း၏ စီမံကိန်း Site Layout Plan



နောက်ဆက်တွဲ(ခ)

## ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ

### ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ လိုက်နာဆောင်ရွက်ရမည့် ကတိကဝတ်များ

၆။ စီမံကိန်းအဆိုပြုသူက ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်၊ ပင်းပက်ဒေသတွင် အမှတ်(၂)သံမဏိစက်ရုံစီမံကိန်း သံစိမ်းထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၏ ၅-၁-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ EIA-၁/၈/အတည်ပြု(EMP)(၀၄၃/၂၀၂၃)ဖြင့် တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ဥပဒေနှင့်လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ၊ ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု)လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့် သက်ဆိုင်သည့် အခြားမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်နည်းစဉ်။** အမှတ်(၂)သံမဏိစက်ရုံစီမံကိန်း သံစိမ်းထုတ်လုပ် ခြင်းလုပ်ငန်းအနေဖြင့် Romelt Plantတွင် သံစိမ်းရရှိရန် နည်းစဉ်အဆင့်ဆင့်အတိုင်း ဆောင်ရွက်မည်ဖြစ်ကြောင်း၊ Pig Iron၊ Granulated Slag၊ Hematite နှင့် သံစိမ်း ထုတ်လုပ်သည့်လုပ်ငန်းစဉ်မှ ထွက်ရှိလာသော အပူကို အသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ကုန်ကြမ်းများ စုပုံထားသော နေရာများကို အကာအရံများထားခြင်း၊ ဘေးပတ် လည်တွင် တစ်နေ့လျှင်(၂)ကြိမ် ရေဖြန်းပေးခြင်း ဆောင်ရွက်ရန်၊

(၂) ကုန်ကြမ်းများသယ်ယူရာတွင် တာပေါ်လင်စ သို့မဟုတ် ပိတ်စိမ်းဇကာပါး များဖြင့် ဖုံးအုပ်သယ်ဆောင်ခြင်းတို့ကို ဆောင်ရွက်ရန်၊

(၃) စက်ပစ္စည်းကိရိယာများနှင့် မော်တော်ယာဉ်များအား ပုံမှန်စစ်ဆေးခြင်း၊ ကုန်တင်ကုန်ချပြုလုပ်သော ယာဉ်များအား အရှိန်လျှော့မောင်းနှင်စေခြင်း၊ ကုန်တင်ကုန်ချပြုလုပ်ချိန်တွင် စက်ရပ်နားထားစေခြင်းနှင့် စီမံကိန်းအနီး ဝန်းကျင်ရှိ လမ်းများအား အနည်းဆုံး တစ်နေ့(၂)ကြိမ် ရေဖြန်းခြင်းတို့ကို ဆောင်ရွက်ရန်၊

(၄) ဘွိုင်လာမှ ထွက်ရှိသော မီးခိုးများ သန့်စင်မှုရှိမရှိကို အမြဲမပြတ်စောင့်ကြ ကြည့်ရှုခြင်းနှင့် စစ်ဆေးခြင်းများ လုပ်ဆောင်သွားရန်။

(ဃ) **ရေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းဧရိယာအတွင်းရှိ ထွက်ရှိသော စွန့်ပစ်ရေဆိုးများကို စနစ်တကျ သန့်စင်ခြင်းနှင့် (၆)လ တစ်ကြိမ် ပုံမှန်စစ်ဆေးခြင်း ဆောင်ရွက်ရန်၊

(၂) မိုးရေစုကန်မှ စွန့်ထုတ်မည့် ရေအရည်အသွေးကို အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ စစ်ဆေးပြီးမှ စွန့်ထုတ်ခြင်း ဆောင်ရွက်ရန်၊

(၃) နမ့်တဘက်ချောင်းမှ ရေအရည်အသွေးကို လစဉ်ပုံမှန်စစ်ဆေးခြင်း ဆောင်ရွက်ရန်၊

(၄) စွန့်ပစ်ရေနှင့်ရေအရည်အသွေးကို ပုံမှန်စစ်ဆေးရာ၌ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များထက် ကျော်လွန်နေလျှင် ရေဆိုးသန့်စင်မှုစနစ်ကို အဆင့်မြှင့်တင်ခြင်းများ ပြုလုပ်ရန်၊

(၅) လုပ်သားများမှ ထွက်ရှိသော အိမ်သုံးစွန့်ပစ်ရေဆိုးများအား စနစ်တကျစွန့်ပစ်ရန်နှင့် အနီးရှိ ရေထုအတွင်းသို့ တိုက်ရိုက်စွန့်ပစ်ခြင်း မပြုလုပ်ရန် တားမြစ်ရန်၊ မိလ္လာကန်များမှ ရေဆိုးများအား ပြင်ပသို့ စီးဆင်းမှုမရှိစေရေး ဆောင်ရွက်ရန်၊ လောင်စာဆီများနှင့် အခြားစွန့်ပစ်ရေဆိုးများ ယိုဖိတ်မှုမရှိစေရန် စနစ်တကျထားရှိခြင်းတို့ ဆောင်ရွက်ရန်။

(င) **အနံ့ဆိုးထွက်ရှိမှု စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အမှိုက်သိုလှောင်ကန်၊ အမှိုက်ပုံးများနှင့် သစ်ရွက်ခြောက်များအား စနစ်တကျ စွန့်ပစ်ခြင်းနှင့် သန့်ရှင်းရေးပုံမှန်ပြုလုပ်ခြင်းတို့ ဆောင်ရွက်သွားရန်၊

(၂) အိမ်သာအရေအတွက်ကို ဝန်ထမ်းဦးရေနှင့် လုံလောက်မှုရှိအောင် ထားရှိပြီး အမြဲမပြတ် သန့်ရှင်းရေးပြုလုပ်ခြင်းတို့ ဆောင်ရွက်သွားရန်၊

(၃) ကုန်ကြမ်းဖြစ်သည့် ကျောက်မီးသွေးများကို စုပုံရာတွင် စနစ်တကျ စုပုံခြင်း၊ အနံ့မထွက်ရှိစေရန် အဖုံးအကာများဖြင့် ထားရှိရန်နှင့် လူသွားများသော နေရာများကို ရှောင်ကြဉ်၍ စုပုံခြင်းတို့ ဆောင်ရွက်ရန်၊

(၄) လောင်စာဆီများအား စနစ်တကျ သိုလှောင်ထားရှိရန်၊

(၅) လုပ်သားများ စားသောက်ရာမှ ထွက်ရှိသော စားကြွင်းစားကျန်များနှင့် အနံ့ထွက်နေသော စွန့်ပစ်ပစ္စည်းများကို မြေမြှုပ်ခြင်းနှင့် စနစ်တကျစွန့်ပစ်ခြင်းတို့ဆောင်ရွက်သွားရန်၊

(၆) မိလ္လာပိုက်များအား ပေါက်ပြဲမှုမရှိစေရန် ပုံမှန်စစ်ဆေးခြင်း၊ မိလ္လာကန် ပြိုကျခြင်းမရှိစေရန် ပုံမှန်စစ်ဆေးခြင်းတို့ ဆောင်ရွက်သွားရန်၊

(၇) မိလ္လာကန်ထဲသို့ အနံ့ထွက်ရှိမှု မရှိစေရန် BIO Clean ကဲ့သို့သော အနံ့ပျောက်ဆေးထည့်ခြင်းတို့ ဆောင်ရွက်သွားရန်။

(စ) **မြေဆီလွှာ စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ထုတ်လုပ်မှုလုပ်ငန်းစဉ်မှ ထွက်ရှိသော ချော်ရည်အမြှုပ်များကို မြေကြီးပေါ်တွင် အခင်းမပါဘဲ စုပုံခြင်းကို ရှောင်ကြဉ်ရန်၊

(၂) စီမံကိန်း၏ ထုတ်လုပ်မှုမှဖြစ်စေ၊ သိုလှောင်ထားသည့် ပုံးခွံ၊ ဘူးခွံများမှ ဆီယိုဖိတ်ခြင်းကြောင့်ဖြစ်စေ၊ စက်ဆီ၊ ချောဆီ၊ အင်ဂျင်ဝိုင်အဟောင်းများနှင့် ဓာတုပစ္စည်းအသုံးပြုခြင်းကြောင့်ဖြစ်စေ ထိခိုက်မှုရှိသော မြေဆီလွှာများကို ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းနှင့် မြေဆီလွှာပြန်လည်ကောင်းမွန်အောင် အပင်များစိုက်ပျိုးခြင်းတို့ ဆောင်ရွက်သွားရန်၊

(၃) လောင်စာဆီများနှင့် စက်သုံးဆီများကို သိုလှောင်ရုံတည်ဆောက်ပြီး ဆီယိုဖိတ်မှုမရှိစေရေး စနစ်တကျ သိုလှောင်သိမ်းဆည်းခြင်း ဆောင်ရွက်သွားရန်၊

(၄) စွန့်ပစ်ပစ္စည်းများကြောင့် မြေထုညစ်ညမ်းမှုမရှိစေရန် စနစ်တကျအကာအရံများ ပြုလုပ်ထားသော နေရာတွင် စွန့်ပစ်စေခြင်း၊ မြေမြှုပ်စွန့်ပစ်ခြင်းနှင့် စည်ပင်သာယာနှင့် ချိတ်ဆက်၍ စွန့်ပစ်ခြင်းတို့ကို ဆောင်ရွက်သွားရန်။

(ဆ) **ဆူညံသံစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ထုတ်လုပ်မှုလုပ်ငန်းစဉ်တွင် အသုံးပြုသော စက်ပစ္စည်းကိရိယာများကို ပုံမှန်စစ်ဆေးခြင်း၊ စောင့်ကြည့်ခြင်းနှင့် လိုအပ်လျှင် အသစ်လဲလှယ်ခြင်းတို့ ဆောင်ရွက်သွားရန်၊

(၂) လုပ်ငန်းလည်ပတ်သည့်နေရာများနှင့် ဘွိုင်လာအနီးရှိ ဝန်ထမ်းများအား နားအကာအကွယ်ပစ္စည်းများ ဝတ်ဆင်စေခြင်းတို့ကို ဆောင်ရွက်သွားရန်၊

(၃) အသံဆူညံမှုနည်းသော စက်ပစ္စည်းများကို အစားထိုးအသုံးပြုစေခြင်း၊ အသုံးမပြုသော စက်ပစ္စည်းများ၊ စက်ယန္တရားများကို ပိတ်ထားရန်၊ ကုန်တင်ကားများအား စီမံကိန်းဧရိယာအနီးတွင် မလိုအပ်ဘဲ ဟွန်းတီးခြင်းအား

ရှောင်ကြဉ်ရန်၊ ကုန်တင်ကားများနှင့် စီမံကိန်းဧရိယာသို့ လာရောက်သော ညှော့သည်များ၏ ယာဉ်များအား မြန်နှုန်းသတ်မှတ်မောင်းနှင်ရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအား လိုက်နာစေရန်၊ ကုန်တင်ကုန်ချ ပြုလုပ်သော စက်ကိရိယာများနှင့် ယာဉ်များအား နေ့အချိန်တွင်သာ လုပ်ကိုင်စေရန်၊ စက်ပစ္စည်းနှင့် စက်ယန္တရားများအား တစ်ပြိုင်တည်း၊ တစ်ချိန်တည်းတွင် အသုံးမပြုဘဲ အလှည့်ကျ အသုံးပြုစေခြင်းတို့ ဆောင်ရွက်သွားရန်။

(ဓ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းလည်ပတ်ခြင်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းများဖြစ်သည့် ချော်ရည်အမြှုပ်များ၊ ထုံးကျောက်အမှုန်များ၊ ကျောက်မီးသွေးအမှုန်များ၊ Cyclone နှင့် Bag Filter တို့မှ ဖမ်းယူထားသော အမှုန်များ၊ အရည်အသွေးမပြည့်မီသော သံသတ္တုရိုင်းများ၊ ဆိုဒ်မပြည့်သော ထုံးကျောက်များနှင့် အရည်အသွေးမပြည့်မီသော ကျောက်မီးသွေးများကို ပြန်လည်အသုံးပြုခြင်းနှင့် ပြန်လည်ရောင်းချခြင်းများ ပြုလုပ်ရန်၊

(၂) ပြန်လည်အသုံးပြုခြင်းနှင့် ပြန်လည်ရောင်းချခြင်းများ ပြုလုပ်၍မရသော စွန့်ပစ်ပစ္စည်းများကို စနစ်တကျ စွန့်ပစ်ခြင်း၊ စွန့်ပစ်ပစ္စည်းများအား အမှိုက်စို၊ အမှိုက်ခြောက်၊ ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းဟူ၍ စနစ်တကျခွဲခြား၍ စွန့်ပစ်သွားရန်၊

(၃) အန္တရာယ်ဖြစ်စေသည့် ဓာတုပစ္စည်းများ၊ လောင်စာဆီများ ထည့်သိုသည့် ဘူးခွံများ၊ စက်ဆီချောဆီအဟောင်းများ၊ ဆေးရည်များ ကျန်ရှိနေသေးသော ဆေးဘူးခွံများ၊ နံ့ရုံသုတ်ဆေးဘူးများ၊ ပိုးသတ်ဆေးဘူးများအား သတ်မှတ်ထားသော နေရာတွင်သာ စွန့်ပစ်စေခြင်း၊ မီးလုံးများ၊ လျှပ်စစ်ပစ္စည်းအပိုင်းအစများနှင့် သံအကျိုးအပဲ့များအား စနစ်တကျထုပ်ပိုးပြီး ခွဲခြားစွန့်ပစ်ခြင်းတို့ဆောင်ရွက်သွားရန်၊

(၄) စွန့်ပစ်ပစ္စည်းများအား အမှိုက်ပုံးအတွင်း စွန့်ပစ်ရန်နှင့် အမှိုက်ပုံးအတွင်းမှ အမှိုက်များအား အမှိုက်ကန်ပြုလုပ်၍ စွန့်ပစ်ခြင်း၊ အမှိုက်မီးရှို့ခြင်းအား တားမြစ်ခြင်း၊ အမှိုက်ပုံးများကို အဖုံးအကာများဖြင့်ထားရှိရန်နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီမှ သတ်မှတ်ထားသည့်နေရာတွင် တစ်ပတ်လျှင် နှစ်ကြိမ်ခန့် ပုံမှန်စွန့်ပစ်ခြင်းတို့ ဆောင်ရွက်သွားရန်။

(ဈ) **လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းဆောင်ရွက်နေစဉ်ကာလများတွင် လုပ်သားတိုင်းအတွက် တစ်ကိုယ်ရည်အကာအကွယ်သုံးပစ္စည်းများ(Personal Protective Equipments-PPE) အလုံအလောက် ထောက်ပံ့ပေးရန်၊

(၂) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် စီမံကိန်းဧရိယာတွင် သတိပေးဆိုင်းဘုတ်များတပ်ဆင်ခြင်း၊ ရောင်ပြန်များတပ်ဆင်ခြင်းတို့ကို ဆောင်ရွက်သွားရန်၊

(၃) လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးများ ဆောင်ရွက်ရန် တာဝန်ရှိတစ်ယောက်အားခန့်ထား၍ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်သွားရန်။

(ည) **မီးဘေးအန္တရာယ်ကာကွယ်ရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ကုန်ကြမ်းများနှင့် ကုန်ချောများကို စနစ်တကျ သိုလှောင်ထားရှိသွားရန်၊

(၂) မီးလောင်လွယ်သည့် လောင်စာများအနီးတွင် မီးအသုံးပြုမှုကို အထူးတားမြစ်ကန့်သတ်သွားရန်၊

(၃) မော်တော်ယာဉ်၊ မီးစက်၊ စက်ပစ္စည်းများနှင့် ယန္တရားများအား ပုံမှန်စစ်ဆေးခြင်းနှင့် ထိန်းသိမ်းပြုပြင်ခြင်းတို့ ဆောင်ရွက်သွားရန်၊

(၄) ဝန်ထမ်းများအား မီးဘေးအန္တရာယ်ကာကွယ်ရေး၊ ရှေးဦးသူနာပြုစုခြင်းနှင့် အရေးပေါ် တုန့်ပြန်ခြင်းဆိုင်ရာ အသိပညာပေးခြင်းများ ဆောင်ရွက်သွားရန်၊

(၅) စက်ရုံနှင့် အလုပ်ရုံများ၏ ကုန်ထုတ်လုပ်မှုလုပ်ငန်း လည်ပတ်သည့်နေရာများ၊ မီးစက်ထားရှိသည့်နေရာ၊ လျှပ်စစ်ထိန်းချုပ်ခန်းနေရာများနှင့် ရုံးခန်းနေရာများတွင် အရေးပေါ်မီးဘေးအန္တရာယ်အား ကာကွယ်နိုင်ရန် မီးသတ်ဌာနမှ ညွှန်ကြားထားသည့်အတိုင်း မီးသတ်ပစ္စည်းများ၊ မီးသတ်ပိုက်များနှင့် မီးသတ်ဆေးဘူးများကို ထားရှိသွားရန်၊

(၆) မီးဘေးအန္တရာယ်ကာကွယ်ရန်ထားရှိသည့် မီးသတ်ဆေးဘူးများ၏သက်တမ်းအား ပုံမှန်စစ်ဆေးခြင်း၊ သက်တမ်းကုန်ဆုံးသည့် မီးသတ်ဆေးဘူးများအား ပုံမှန်လဲလှယ်ခြင်းတို့ ဆောင်ရွက်သွားရန်၊

(၇) မတော်တဆ မီးဘေးအန္တရာယ်ဖြစ်ပေါ်လာလျှင် အရေးပေါ်ဆက်သွယ်ရမည့် မီးသတ်ဌာနများ၊ ဆေးရုံများနှင့် သက်ဆိုင်ရာ ဌာနများ၏ ဖုန်းနံပါတ်များအား ဝန်ထမ်းအားလုံးမြင်နိုင်သော နေရာများတွင် ချိတ်ဆွဲခြင်းတို့ ဆောင်ရွက်သွားရန်။

(ဌ) **အရေးပေါ်အခြေအနေတုံ့ပြန်ရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်–

(၁) အရေးပေါ်အခြေအနေနှင့်စပ်လျဉ်း၍ အရေးပေါ်အစီအစဉ်များကို လေ့ကျင့်ခြင်း၊ အရေးပေါ်အစီအစဉ်များထားရှိခြင်း၊ အသိပညာပေးခြင်းနှင့် သင်တန်းပေးခြင်း၊ အရေးပေါ်တုန့်ပြန်ရေးနှင့် လုံခြုံရေးဆိုင်ရာ သင်တန်းများကို ဝန်ထမ်းများအား လေ့ကျင့်ပေးခြင်းနှင့် အရေးပေါ်ဆက်သွယ်ရမည့် အဖွဲ့အစည်းများ၏ လိပ်စာ၊ ဖုန်းနံပါတ်များအား အလွယ်တကူထားရှိခြင်း အခြေအနေများကို စီမံကိန်း ဧရိယာအတွင်း(၄)လတစ်ကြိမ် စောင့်ကြည့်စစ်ဆေးသွားရန်၊

(၂) အရေးပေါ်ဆေးသေတ္တာများကို လုပ်သားများ လက်လှမ်းမီသည့် နေရာတွင် ထားရှိခြင်း၊ မတော်တဆထိခိုက်မှုများရှိခဲ့ပါက သက်ဆိုင်ရာ အရေးပေါ် ဌာနများသို့ ဆက်သွယ်နိုင်မည့် ဖုန်းနံပါတ်များအား အများမြင်သာသော နေရာများတွင် ချိတ်ဆွဲပေးထားရန်၊

(၃) အရေးပေါ်အခြေအနေများအတွက် အရေးပေါ်စုရပ်နေရာများထားရှိသွားရန်၊

(၄) အရေးပေါ်အခြေအနေဖြစ်ပေါ်လာလျှင် လုပ်လက်စအလုပ်များကို ရပ်နား၍ အရေးပေါ်စုရပ်သို့ စနစ်တကျ သွားရောက်စုဝေးစေရေး ဆောင်ရွက်သွားရန်၊

(၅) အရေးပေါ်တုံ့ပြန်ရေးအစီအစဉ်အတွက် ဓာတ်တိုက်လေ့ကျင့်ခြင်းလုပ်ငန်း များအား (၆)လတစ်ကြိမ် ပုံမှန်လေ့ကျင့်ခြင်း ဆောင်ရွက်သွားရန်။

(ဍ) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်–

(၁) လုပ်ငန်းလည်ပတ်သည့်ကာလတွင် လေအရည်အသွေးနှင့်စပ်လျဉ်း၍ $PM_{2.5}$၊ $PM_{10}$၊ TSP၊ နိုက်ထရိုဂျင်အောက်ဆိုဒ်၊ ကာဗွန်မိုနောက်ဆိုဒ်၊ ကာဗွန်ဒိုင် အောက်ဆိုဒ်၊ ဆာလဖာဒိုင်အောက်ဆိုဒ်၊ ငွေ့ရည်ပျံလွယ်သောဓာတုဒြပ်ပေါင်း၊ အိုဇုန်းတို့ကို စက်ရုံရှိ မီးခိုးခေါင်းတိုင်နေရာ၊ နောင်ကာကယ်ကျေးရွာ၊ ပုန်းစိမ်း ကျေးရွာနှင့်ဘုရားငါးဆူရွာတို့တွင် (၁)နှစ်လျှင် နှစ်ကြိမ် စောင့်ကြည့်တိုင်းတာ စစ်ဆေးဆောင်ရွက်ရန်၊

(၂) စွန့်ပစ်ရေအရည်အသွေးနှင့်စပ်လျဉ်း၍ ချဉ်ဖတ်ကိန်း၊ သံသတ္တုဓာတ်၊ ဇီဝဆိုင်ရာ အောက်ဆီဂျင်လိုအပ်ချက်၊ ဓာတုဆိုင်ရာ အောက်ဆီဂျင်လိုအပ်ချက်၊ ဆိုင်းကြွအနည်၊ ဆီနှင့် ချောဆီ၊ အမိုးနီးယား၊ ကတ်မီယမ် သတ္တုဓာတ်၊ ခဲသတ္တုဓာတ်၊ နီကယ် သတ္တုဓာတ်၊ သွပ်သတ္တုဓာတ်၊ ကြေးနီသတ္တုဓာတ်နှင့် ခရိုမီယမ်တို့ကို စက်ရုံရှိမိုးရေစုကန်မှ နောက်ဆုံးစွန့်ထုတ်သည့် ပိုက်လိုင်းနေရာတွင် (၁)နှစ်လျှင် နှစ်ကြိမ် စောင့်ကြည့် စစ်ဆေးဆောင်ရွက်ရန်၊

(၃) မြေပေါ်ရေအရည်သွေးနှင့်စပ်လျဉ်း၍ ချဉ်ဖတ်ကိန်း၊ အရောင်၊ နောက်ကျိမှု၊ ဆိုင်းကြွအနည်၊ လျှပ်စီးကိန်း၊ အောက်ဆီဂျင်ပျော်ဝင်မှု၊ ဆိုင်ယမ်နိုက်၊ စုစုပေါင်းဖော့စဖိတ်၊ စိန်အဆိပ်ဓာတ်၊ သံသတ္တုဓာတ်၊ ခဲသတ္တုဓာတ်၊ ကလိုရင်း၊ နိုက်ထရိုဂျင်၊ ကယ်လဆီယမ်၊ ဆာလဖိတ်နှင့် ဟိုက်ဒရိုဂျင်ဆာဖိုက်တို့ကို နမ့်တဘက်ချောင်းမှ စီမံကိန်းဧရိယာသို့ ဝင်သည့်နေရာတွင် လစဉ်စောင့်ကြည့်စစ်ဆေးဆောင်ရွက်ရန်၊

(၄) စွန့်ပစ်ပစ္စည်းများနှင့်စပ်လျဉ်း၍ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများကို ပမာဏ၊ အမျိုးအစားခွဲခြားခြင်း၊ ခွဲခြားထားသော စွန့်ပစ်အမှိုက်များကို နေ့စဉ်ချိန်တွယ်ခြင်း၊ မှတ်တမ်းပြုလုပ်ခြင်း၊ အမှိုက်စွန့်ပစ်သည့် အရေအတွက်နှင့် စွန့်ပစ်သည့်နည်းလမ်းကို မှတ်တမ်းပြုလုပ်ခြင်း၊ အမှိုက်စနစ်တကျ စွန့်ပစ်မှု ရှိမရှိစစ်ဆေးခြင်းတို့ကို စီမံကိန်းဧရိယာအတွင်း ထုတ်လုပ်မှုလုပ်ငန်းစဉ်အလိုက် အမှိုက်ထွက်ရှိသည့် နေရာ၊ အမှိုက်စုပုံသည့်နေရာနှင့် အမှိုက်ကန်နေရာတို့တွင် နေ့စဉ်စောင့်ကြည့်စစ်ဆေးရန်၊

(၅) ဆူညံသံနှင့်စပ်လျဉ်း၍ အသံဆူညံမှုပမာဏကို စက်ရုံရှိ မီးခိုးခေါင်းတိုင်နေရာ၊ နောင်ကာကယ်ကျေးရွာ၊ ပုန်းစိမ်းကျေးရွာနှင့် ဘုရားငါးဆူကျေးရွာတို့တွင် (၁)နှစ်လျှင် နှစ်ကြိမ် စောင့်ကြည့်စစ်ဆေးသွားရန်၊

(၆) အနံ့ထွက်ရှိမှုနှင့်စပ်လျဉ်း၍ ကျောက်မီးသွေးစုပုံသည့်နေရာ၊ သံရည်ကျိုသည့်နေရာ၊ သံစိမ်းထုတ်လုပ်သည့်နေရာ၊ မိလ္လာကန်များနှင့် အမှိုက်ကန်နေရာများတွင် (၃)လ တစ်ကြိမ် စောင့်ကြည့်စစ်ဆေးသွားရန်။

(၃) **တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်တို့အတွက် တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းတို့အား အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(ဎ) **အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းကို အတည်ပြုအစီရင်ခံစာပါ ကတိကဝတ်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်။

(ဏ) **လျာထားအသုံးစရိတ်။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြုမည့် လျာထားအသုံးစရိတ်အား အောက်ပါကတိကဝတ်အတိုင်း ဆောင်ရွက်ရမည်-

(၁) လေအရည်အသွေးတိုင်းတာခြင်းအတွက် ကျပ် ၃,၀၀၀,၀၀၀ လျာထားအသုံးပြုရန်၊

(၂) စွန့်ပစ်ရေအရည်သွေးတိုင်းတာခြင်းအတွက် ကျပ် ၁,၅၀၀,၀၀၀ လျာထားအသုံးပြုရန်၊

(၃) ရေအရည်သွေးတိုင်းတာခြင်းအတွက် ကျပ် ၂,၀၀၀,၀၀၀ လျာထားအသုံးပြုရန်၊

(၄) ဆူညံသံတိုင်းတာခြင်းအတွက် ကျပ် ၁,၅၀၀,၀၀၀ လျာထားအသုံးပြုရန်၊

(၅) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲခြင်းအတွက် ကျပ် ၁,၀၀၀,၀၀၀ လျာထားအသုံးပြုရန်၊

(၆) မီးဘေးအန္တရာယ်ကာကွယ်ခြင်းအတွက် ကျပ် ၅,၀၀၀,၀၀၀ လျာထားအသုံးပြုရန်၊

(၇) သက်ဆိုင်ရာ သင်တန်းများပေးခြင်းအတွက် ကျပ် ၂,၀၀၀,၀၀၀ လျာထားအသုံးပြုရန်၊

(၈) အရေးပေါ်အခြေအနေအတွက် ကျပ် ၃,၀၀၀,၀၀၀ လျာထားအသုံးပြုရန်၊

(၉) ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ကျပ် ၃,၀၀၀,၀၀၀ လျာထားအသုံးပြုရန်၊

(၁၀) ဒေသဖွံ့ဖြိုးမှုနှင့် လူမှုစီးပွားတိုးတက်ရေးအတွက် ထောက်ပံ့နိုင်ရန် လုပ်ငန်းစုစုပေါင်း အမြတ်ငွေ၏ ၂%အား သုံးစွဲဆောင်ရွက်ရန်။

(တ) **လုပ်ငန်းပိတ်သိမ်းခြင်း။** စက်ရုံပိတ်သိမ်းခြင်းကို ဆက်စပ်ဌာနဆိုင်ရာများ၏ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ပိတ်သိမ်းခြင်းမဆောင်ရွက်မီ တစ်လကြိုတင်၍ ပိတ်သိမ်းမည့် အစီအစဉ်ကို တင်ပြရမည်။

**ပတ်ဝန်းကျင်နှင့် လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းသတ်မှတ်ချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆) တွင် ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝလိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းသတ်မှတ်ချက်များ။**

အမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ်(၂၀၁၈-၂၀၃၀) မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်(၂၀၂၀)တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ်နှင့်အညီ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ လျှော်လှုပ်ခြင်းကဲ့သို့သော ဘေးအန္တရာယ်များအတွက် အစီအမံများရေးဆွဲ၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်၊

(၂) စီမံကိန်းမှ ထွက်ရှိလာမည့် ပလတ်စတစ်စွန့်ပစ္စည်းများ၊ မိလ္လာအညစ်အကြေးများ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများ၊ စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်ရန်နှင့် လဟာပြင်မီးရှို့မှု ပပျောက်ရေးဆောင်ရွက်ရန်၊

(၃) သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းများအား စွန့်ပစ်စုပုံစွန့်ပစ်ရန်နှင့် သတ်မှတ်ထားသောနေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရန်၊

(၄) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများ ထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(၅) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိဆောင်ရွက်ရန်၊

(၆) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်၊

(၇) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ထွက်ရှိမှုလျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရန်၊

(၈) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိ ဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းသတ်မှတ်ချက်များ။** စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်စပ်လျဉ်း၍အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့်နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃dBAထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၃) သံစိမ်းထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ဆက်စပ်သော အခြားသက်ဆိုင်ရာ မူဝါဒ၊ ဥပဒေ နှင့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်။

(ဂ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအားဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများမရှိစေရေး ကြပ်မတ်ဆောင်ရွက်ရမည်။

(ဃ) **ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ကျန်းမာရေးနှင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်

စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းတို့ကို ဆောင်ရွက်ရမည်။

(င) **ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိ လုပ်ငန်းများအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေးဆောင်ရွက်ရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှုလမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့် ဖြစ်နိုင်သောအနှောက်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှုအပေါ် ထိခိုက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေး လုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(စ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်းဖြစ်ပေါ်ပါက တင်ပြရန်၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော သို့မဟုတ် ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခုဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှုကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်းမရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်းဖြစ်ပေါ်ပါက တင်ပြရန်၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုးတစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများဖြစ်ပေါ်ပါက တင်ပြရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များပျက်ကွက်မှု သို့မဟုတ် အခြား လုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှ ဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့်အသိပေး တင်ပြရမည်။ ပျက်ကွက်မှုတစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု ဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန် လိုအပ်သည့် အကြောင်းကိစ္စရပ်ကို (၂၄) နာရီအတွင်း လည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များအားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ (၇)ရက်အတွင်း လည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရန်၊

(၆) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့်အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတို့ကို တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိကပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်းဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရန်၊

(၇) စီမံကိန်းဧရိယာအတွင်းတွင် မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့် လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ် မူတည်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည် တင်ပြရန်၊

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ တင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ တင်ပြရန်၊

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ တင်ပြရန်၊

(ခ ခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှုဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့်အချိန်အထိတိုးတက်မှုတို့ကို တင်ပြရန်၊

(ဂ ဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့်အလားတူ အခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများကို တင်ပြရန်၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့်အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှုဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(င င) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသောမတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များကို တင်ပြရန်၊

(စ စ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှုကို တင်ပြရန်။

(ဇ) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်းစီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤECCနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်းအစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရန်။

(ဆ) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။**

စီမံကိန်းဆောင်ရွက်မည့်နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နှင့်သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများတွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်းဆက်သွယ်သတင်းပို့ အကြောင်းကြားရမည်။

(ဇ) **လူမှုတာဝန်သိအစီအစဉ်(CSR)ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** လူမှုတာဝန်သိ အစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိ သို့မဟုတ် စီမံကိန်းမဆောင်ရွက်မီကာလထက်မနိမ့်ကျသော လူမှုစီးပွားရေး တည်ငြိမ်ခိုင်မာမှုရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအစီ အစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက် ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (Township Development Plans)များနှင့် ချိတ်ဆက်ဆောင်ရွက် ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက် များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရန်။

(ဈ) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူ သည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာ ဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာကတိကဝတ်များအား ဖြန့်ဝေအသိပေး ထုတ်ဖော် ကြေညာရမည်။

(ည) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စောင့်ကြပ် ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရအဖွဲ့အစည်းထံမှစာဖြင့် ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက် ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်း ပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံး တွင် ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့် ဆက်စပ်ဆောင် ရွက်မှုများအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို

လက်တွေ့စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင်ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်းရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့်တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ်အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများတို့ ပါဝင်ရန်၊ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည် ဖြစ်ပြီး ကြောင်းကျိုးညီညွှတ်စွာဖြင့် အသုံးချနိုင်ရမည်။ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရန်နှင့် ဝန်ကြီးဌာနမှစာဖြင့် သီးခြားရေးသား သဘောတူထားခြင်းမရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရန်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ)များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့် နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယားနှင့် မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကို ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆) လတစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့်နေ့ရက်မှ (၁၀) ရက်အတွင်း ထုတ်ဖော်ကြေညာရန်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့်

စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ (၁၀)ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင်လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူစုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင်လည်းကောင်း အများပြည်သူသိရှိနိုင်စေရန် တင်ပြရန်နှင့် မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျီတယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကိုရရှိပြီးနောက် (၁၀) ရက်အတွင်း ဒီဂျီတယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ဆောင်ရွက်ရန်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်းလုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက်ကြည့်ရှုနိုင်ရေး ခွင့်ပြုရန်၊

(၇) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအားချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့်အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက်နိုင်ရေး ခွင့်ပြုရန်၊

(၈) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနကစစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့်ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့် လေနမူနာများရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျီတယ်စာတွဲများအပါအဝင် စာရွက်စာတမ်းအထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့်

လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်းအပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊

(ဇ) ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များကျခံခြင်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှ ကျခံရန်။

**သက်သေခံလက်မှတ်ဆိုင်ရာစည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ဖော်ပြပါအချက်တို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅)နှစ် ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် သက်တမ်းမကုန်ဆုံးမီ (၆) လကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ (၂) နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း (၃၀) ထက်နောက်မကျစေဘဲ ဤဦးစီးဌာနသို့ စာဖြင့်သတင်းပို့ အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သောဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလ မည်မျှလိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့်ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့်ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်ရရှိပြီး (၂)နှစ်အတွင်း စီမံကိန်းကို ထိရောက်စွာအကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အသစ်ပြုလုပ်တင်ပြရန်၊

(ဃ) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်

ခွဲမှုအစီအစဉ်ကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန်ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှုမရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်းသိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP)ကို မူလအတည်ပြုခဲ့သည့်အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများရှိခြင်း၊

(၄) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် မူလပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက်ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်းအဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာလျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ်မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ**

၉။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ တစ်ဖက်ပါတို့ကိုလိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ၏ အတည်ပြုချက်ဖြင့် ဤဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်း အဆိုပြုသူမှ ငွေကြေးထည့်ဝင်ရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ပြင်ဆင် တောင်းခံပါက ထည့်ဝင်ရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း ရန်ပုံငွေ ထူထောင်ထားရှိရမည်၊

(ဃ) စီမံကိန်းအဆိုပြုသူအနေဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ထည့်သွင်းဖော်ပြထားသည့် လျာထားအသုံး စရိတ်များနှင့်ပတ်သက်၍ သီးခြားငွေစာရင်းဖွင့်လှစ်ထားသော အထောက်အထား အချက်အလက်ဖြင့် ထည့်သွင်းဖော်ပြရမည်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်သည် ဤလက်မှတ်ပါလုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှု ပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသော လွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက် အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်း အဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်းပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက် ပေးသူဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများအားလုံး တို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---